# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 15 , 2022 | Volume 55, Number 11


**၁၅.၆.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၁၈ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၄၈၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၈၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၃၉.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၃၀.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၃၂.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၈၀.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၅.၃၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၀၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၂၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၈.၆၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၂.၇၂၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပခုက္ကူကြက်သွန်ဈေးကွက်တွင် တစ်ပတ်အတွင်း တစ်ပိဿာ ကျပ် ၅၀၀ ခန့် မြင့်တက်လာပြီး ကြက်သွန်တစ်ပိဿာ အမြင့်ဆုံး ကျပ် ၁၈၀၀ အထိ ပေါက်ဈေးရှိ

ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း ဇွန်လဒုတိယပတ်တွင် ဇွန်လပထမပတ်ထက် တစ်ပိဿာ ကျပ် ၅၀၀ ခန့် ဈေးနှုန်းမြင့်တက်လာပြီး လက်ရှိတွင် တစ်ပိဿာ ကျပ် ၁၈၀၀ အထိ ပေါက်ဈေးရှိကြောင်းသိရသည်။

ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း ဇွန်လပထမပတ်အထိ တစ်ပိဿာကျပ် ၁၃၀၀ ဝန်းကျင်ဖြင့် ရောင်းဝယ်ခဲ့ရာမှ ဝယ်လိုအားဆက်လက်များနေခြင်းကြောင့် ဈေးနှုန်းထပ်မံမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

ဈေးနှုန်းထပ်မံမြင့်တက်လာသည့်အတွက် ပိဿာချိန် ၁၅၀၀၀၀ ဝင်ရောက်သည့် ဇွန် ၁၄ ရက် ဈေးကွက်တွင် ဂျုံနီကြီးတစ်ပိဿာ ကျပ် ၁၅၀၀ – ၁၈၀၀၊ ဂျုံနီလတ်တစ်ပိဿာ ကျပ် ၁၀၀၀ – ၁၄၀၀၊ ဂျုံနီသေးတစ်ပိဿာ ကျပ် ၈၀၀ – ၉၅၀ ပေါက်ဈေးရှိကြောင်းသိရသည်။ "လက်ရှိကတော့ ဈေးထပ်တက်တယ်။ ကြက်သွန်အရည်အသွေးကောင်းရင် ကောင်းသလိုဈေးရတယ်။ အနီစရော အဝါစရော အကုန်ပြတ်တယ်။ ကြက်သွန်ဈေးကတော့ ကောင်းတယ်ပြောရမယ်။ ဝယ်လက်စုံတယ်။ တောင်သူရော လှောင်သမားရောပျော်ရမှာပါ" ဟု ကြက်သွန်ရောင်းဝယ်ရေးလုပ်ကိုင်သူ တစ်ဦးက ပြောကြားသည်။

ပခုက္ကူကြက်သွန်ဈေးကွက်မှာ မေလကုန်ပိုင်းအထိ တစ်ပိဿာ ကျပ် ၁၀၀၀ ဝန်းကျင်ဖြင့်သာ ရောင်းဝယ်ခဲ့ပြီး ဇွန်လဆန်းမှစ၍ ဝယ်လက်များပြားသည့်အတွက် ဈေးနှုန်းဆက်တိုက်မြင့်တက်လာခြင်းဖြစ်ကြောင်းသိရသည်။

လက်ရှိတွင် ဈေးနှုန်းများမြင့်တက်သော်လည်း တောင်သူများထံတွင် ကုန်လက်ကျန်နည်းပါးကြောင်းနှင့် နယ်မြေမတည်ငြိမ်မှုကြောင့် ယခုနှစ်တွင် စိုက်ပျိုးထုတ်လုပ်မှုလျော့ကျကြောင်း သိရသည်။

**Source:** https://news-eleven.com/article/232399

## အင်ဒိုနီးရှား စားအုန်းဆီပို့ကုန်ခွန် ယာယီလျှော့ချ

အင်ဒိုနီးရှားက စားအုန်းဆီတင်ပို့မှု စည်းကြပ်ခွန်အမြင့်ဆုံးနှုန်းထားကို အမေရိကန် ဒေါ်လာ ၂၀၀ သို့ လျှော့ချလိုက်သော်လည်း ဩဂုတ်လတွင် ပြန်လည်မြင့်တက်မည်ဖြစ်သည်။

အင်ဒိုနီးရှားသည် မကြာသေးမီက ထုတ်ပြန်ခဲ့သည့် စားအုန်းဆီတင်ပို့မှု အခွန်မူဝါဒအရ အပြောင်းအလဲများကို ဆောင်ရွက်သည့် စည်းမျဉ်းများထုတ်ပြန်ခဲ့ပြီး

အမြင့်ဆုံးအခွန်နှုန်းကို တစ်တန်လျှင် ကန်ဒေါ်လာ ၃၇၅ အစား ကန်ဒေါ်လာ၂၀၀ သို့ လျှော့ချသတ်မှတ်လိုက်ကြောင်း အင်္ဂါနေ့ (ဇွန်လ ၁၄ ရက်) တွင် ထုတ်ပြန်ကြေညာသည်။ ပို့ကုန်အရှိန်မြှင့်မှုအစီအစဉ်အတွက် အထူးနှုန်းထားများဖြင့် ကောက်ခံခြင်းဖြစ်သည်။

နှုန်းထားသစ်များသည် ထုတ်ပြန်ကြေညာသည့် အင်္ဂါနေ့ (ဇွန်လ ၁၄ ရက်) မှစတင်သက်ရောက်ပြီး ပို့ကုန်အရှိန်မြှင့်ရေး အစီအစဉ်ပြီးဆုံးချိန် ဇူလိုင် ၃၁ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ ထို့နောက် ဩဂုတ်လ ၁ ရက်မှစ၍ စားအုန်းဆီကြမ်း ပို့ကုန်ခွန် အမြင့်ဆုံးနှုန်းထားသတ်မှတ်ချက်ကို တစ်တန်လျှင် ကန်ဒေါ်လာ ၂၄၀ ဟု ပြောင်းလဲမည်ဖြစ်သည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/4604-indonesia-cuts-max-palm-oil-export-levy.html

## ထောပတ်သီးတင်ပို့မှုနှင့် ဈေးကွက်အလားအလာ

မြန်မာနိုင်ငံ၌ ထောပတ်သီးများကို ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသများ၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်များတွင် ရှေးယခင်ကတည်းက အိမ်ခြံဝန်းအတွင်း စိုက်ပျိုးကြပြီး ၂၀၁၈ ခုနှစ်မှစတင်၍ အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်မှ အရည်အသွေးကောင်းမျိုး(၆)မျိုးခန့်ကို မျိုးကိုင်းများတင်သွင်း၍ မြန်မာနိုင်ငံထောပတ်အသင်းမှ ဦးဆောင်၍ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီများဖြင့် ကိုင်းဆက်ပင်များကို ကေအလိုက်စိုက်ပျိုးလာကြပြီး ၎င်းမျိုးများမှ ကမ္ဘာ့ဈေးကွက်ဝယ်လိုအားအရှိဆုံး HASS မျိုးများကို အဓိကစိုက်ပျိုးလာကြသည်။

ရောင်းချမှုအနေဖြင့် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်တွင် ကိုင်းဆက်ပင်များမှ စတင်ထွက်ရှိပြီး ကပ်ရောဂါအခြေအနေကြောင့် ပြည်တွင်းဈေးကွက်များကိုသာ Online မှ ရောင်းချခြင်း၊ ဈေးဝယ်စင်တာများတွင် ရောင်းချခြင်းနှင့် ပြည်တွင်းဝယ်လိုအားများခြင်းကြောင့် ပြည်တွင်းဈေးကွက်ကိုသာ အဓိကရောင်းချခဲ့ပြီး၊ ထိုင်းနိုင်ငံသို့ တာချီလိတ်နယ်စပ် ကုန်သွယ်ရေးမှတဆင့် ဒေသသီးများကို တင်ပို့နိုင်ခဲ့သည်။

ဈေးနှုန်းအနေဖြင့် ပြီးခဲ့သည့်နှစ် HASS နှင့် အခြားကိုင်းဆက်သီးများကို အရွယ်အစားနှင့် အရည်အသွေးပေါ်မူတည်၍ ၁ ကီလိုလျှင် (၄၀၀၀ မှ ၆၅၀၀) ကျပ်ခန့်ဖြင့် ပြည်တွင်းဈေးကွက်များသို့ ရောင်းချခြင်း၊ ဒေသသီးများကို တာချီလိတ်ပွဲရုံများမှ ၁ ကီလိုလျှင် ၁၇၀၀ မှ ၂၅၀၀ ကျပ်ခန့်ဖြင့်ဝယ်ယူပြီး ထိုင်းနိုင်ငံသို့ တင်ပို့ကြောင်းသိရသည်။

ပြည်ပသို့တင်ပို့မှုအနေဖြင့် နယ်စပ်ကုန်သွယ်ရေးမှတဆင့် (၂၀၂၀-၂၀၂၁) ဘဏ္ဍာနှစ်တွင် တန်ချိန်(၂၃၀၀)ကျော် တန်ဖိုး အမေရိကန်ဒေါ်လာ (၀.၅၅၆)သန်းခန့် တင်ပို့နိုင်ခဲ့ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ စာရင်းများအရသိရသည်။

ကမ္ဘာ့ထောပတ်သီးတင်ပို့မှုမှာ (၂၀၂၁)ခုနှစ်အတွင်း တန်ချိန်ပေါင်း(၃)သန်းကျော်ကိုတင်ပို့ခဲ့ပြီး ဈေးနှုန်းအနေဖြင့် အရည်အသွေးပေါ်မူတည်၍ တစ်တန်လျှင် ပျှမ်းမျှဈေးနှုန်း ကန်ဒေါ်လာ (၂၅၀၀ မှ ၃၅၀၀)ခန့်ရရှိပြီး၊ မက္ကဆီကိုနိုင်ငံသည် တန်ချိန်(၁.၂)သန်းကျော်ဖြင့် အများဆုံးတင်ပို့ခဲ့ကြောင်း (ITC TradeMap) အရသိရသည်။

ယခု ၂၀၂၂ ခုနှစ်ထောပတ်ရာသီမှာ အောက်တိုဘာလနောက်ပိုင်း အရည်အသွေးကောင်းမွန်သည့် ကိုင်းဆက်သီးများ ပိုမိုထွက်ရှိလာမည်ဖြစ်သည့်အတွက် ပြည်တွင်း၌ ပိုလျှံလာမည်ဖြစ်ပြီး ပြည်ပဈေးကွက်များ ပိုမိုရရှိရေးနှင့်တင်ပို့နိုင်ရန် စတင်ပြင်ဆင်နေကြောင်း၊ ထိုင်းနိုင်ငံမှ Thaifex ကုန်စည်ပြပွဲ၊ အာရှတိုက်၏ဒုတိယအကြီးဆုံး Online Platform ဖြစ်သည့် ec.plaza.net တွင် ပါဝင်ပြသခြင်းနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ အစားအသောက်နှင့်အဖျော်ယမကာကုန်စည်ပြပွဲမှလည်း လာရောက်ပြသရန် ကမ်းလှမ်းထားကြောင်းသိရသည်။

ထောပတ်သီးအရည်အသွေးကောင်းများ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဥရောပဈေးကွက်များကို တင်ပို့နိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့များ၏ အကူအညီဖြင့် အသင်းဝင်ခြံ(၃၀)ကျော်ခန့်မှာ Global GAP လက်မှတ်ရရှိထားကြောင်း ဈေးကွက်ချိတ်ဆက်နိုင်ရန် ARISE Plus စီမံကိန်းမှ ကုန်သွယ်မှုနှင့် ဈေးကွက်ချိတ်ဆက် ကျွမ်းကျင်ပညာရှင်မှ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး အဓိကပြည်ပတင်ပို့မှုအနေဖြင့် ထိုင်း၊ စင်္ကာပူနှင့်နယ်သာလန်နိုင်ငံတို့ကို တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်းနှင့် ၎င်းနိုင်ငံများအနက် ထိုင်းနိုင်ငံသို့တင်ပို့မှုမှာ ငွေကြေးမူဝါဒပြောင်းလဲခြင်းကြောင့် ကုန်သွယ်မှုလွယ်ကူလာခြင်း၊ တင်ပို့မှုအတွက် ကုန်ကျစရိတ်သက်သာခြင်းတို့ကြောင့် ယခင်ဒေသသီးများ တင်ပို့ခြင်းအပြင် အရည်အသွေးကောင်း

ကိုင်းဆက်သီးများကိုလည်း ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်းသိရသည်။ ဒါ့အပြင် တရုတ်နိုင်ငံသည် စားသုံးမှုမြင့်တက်လာသည့် အပြင် ဈေးကွက်လည်းကြီးမားခြင်းကြောင့် တရားဝင်တင်ပို့ခွင့်ရရှိရန် General Administration of Customs of People's Republic of China (GACC) တွင် မှတ်ပုံတင်ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်ပေးစေလိုကြောင်းသိရသည်။

**Source: ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန**

## မကွေးကုန်စည်ဒိုင်တွင် ဆန်ဈေးအနည်းငယ်မြင့်တက်

မကွေးတိုင်းဒေသကြီးသည် ဆန်လိုတိုင်းဒေသကြီး ဖြစ်သည်နှင့်အညီ စပါးကိုမြစ်အနောက်ဘက်ကမ်း မင်းဘူးဘက် ခြမ်းနှင့် တောင်တွင်း၊ မြို့သစ်တို့ဘက်တွင်သာ စိုက်ပျိုးလျှက်ရှိရာ ဆန်ထွက်ရှိသည့်တိုင်းများမှ ဝယ်ယူသုံးစွဲကြရပါသည်။ မင်းဘူးခရိုင်၊ မင်းဘူး၊ စလင်း၊ ပွင့်ဖြူတို့ဘက်တို့မှ စိုက်ပျိုးထွက်ရှိသည့် ဧရာပဒေသာဆန်သည် အရည်အသွေးကောင်းမွန်ပြီး ဈေးကောင်းရကာ လူကြိုက်များတဲ့ ဆန်လည်းဖြစ်ကာ ရွှေဘိုပေါ်ဆန်းမွှေး ဆန်ဈေးနှင့်အပြိုင်ဈေးရရှိကာ အရောင်းသွက်တဲ့ ဆန်လည်းဖြစ်ပါတယ်။ ပွင့်ဖြူမြို့နယ်၊ ကုန်းဇောင်းကျေးရွာမှ စိုက်ပျိုးထွက်ရှိတဲ့ ဧရာပဒေသာဆန်သည် ဈေးကွက်ထဲမှာ နေရာတစ်ခုရရှိကာ ဈေးကောင်းရတဲ့ ဆန်လည်းဖြစ်တာကို တွေ့ရပါတယ်။

ပြည်ပဈေးကွက်အနေဖြင့် မြန်မာနိုင်ငံမှဆန်ကို ပြည်ပဝယ်လိုအားဖြစ်တဲ့ ဥရောပ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်နှင့် အာဆီယံနိုင်ငံအချို့ကို တင်ပို့ရောင်းချနေရပြီး ပေါင်းဆန်ကိုတော့ ဥရောပကို အဓိကတင်ပို့နေတာပဲဖြစ်ပါတယ် ပြည်တွင်း ဈေးကွက်အနေဖြင့် ဆန်ကွဲကို မွေးမြူရေးလုပ်ငန်းများနဲ့ယမကာလုပ်ငန်းများမှ ဝယ်လိုအားရှိနေတာကို တွေ့ရပါတယ်။

ယခုတစ်ပတ်ဆန်ဈေးနှုန်းအနေဖြင့် မနော်(ရခိုင်)၂၄**ပြည်** တစ်အိတ်လျှင် (၃၂၀၀၀)ကျပ်ဈေးရှိခဲ့သဖြင့် ယခင် တစ်ပတ်နှင့်နှိုင်းယှဉ်ပါက (၁၀၀၀)ကျပ်၊ ဖန်သီး(၁၀၅)ပေါင် တစ်အိတ်လျှင် (၃၇၀၀၀) ကျပ်ဈေးရှိတဲ့အတွက် ယခင်တစ်ပတ် နှင့်နှိုင်းယှဉ်ပါက (၅၀၀)ကျပ်၊ မနောသုခ(မြောင်းမြ) (၁၀၅) ပေါင်တစ်အိတ်လျှင် (၃၄၅၀၀)ကျပ်ဈေးရှိတဲ့အတွက် ယခင် တစ်ပတ်နှင့်နှိုင်းယှဉ်ပါက (၁၅၀၀) ကျပ်တို့ အသီးသီးဈေးတက်ကာ အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## မကွေးတိုင်းဒေသကြီးအတွင်း မြေပဲဆံဈေးများ မြင့်တက်လာ

မကွေးတိုင်းဒေသကြီးအတွင်းရှိ ကုန်စည်ဒိုင်များတွင် သီးနှံမျိုးစုံအရောင်းအဝယ်ဖြစ်နေပြီး ယခုရက်ပိုင်းတွင် မြေပဲဆံ ဈေးများ ဆက်တိုက်ဈေးမြင့်လာတာကို တွေ့ရပါတယ်။ ဆီဈေးနှုန်းမြင့်တက်လာတာနဲ့အမျှ မြေပဲဆံဈေးများပါ မြင့်တက် လာတာကို တွေ့ရပါတယ်။ မြေပဲဆံအသစ်များ ဝင်ရောက်မှုနည်းသွားသလို လက်ကျန်လည်း နည်းနေတဲ့အချိန်ဖြစ်ကာ တရုတ်မှအဝယ်များရှိသလို ပြည်တွင်းဆီစက်များမှလည်း ဝယ်ယူမှုများနေတာကြောင့် မြေပဲဆံဈေးများ မြင့်တက်လာတာ ဖြစ်တယ်လို့သိရပါတယ်။

ယခင်တစ်ပတ်တွင် မြေပဲဆံဈေးမှာ လုံးဆံနီ(၁)ပိဿာလျှင် (၄၁၀၀)ကျပ်ဈေးသာရှိခဲ့ပေမယ့် ယခုတစ်ပတ်တွင် (၄၃၀၀)ကျပ်ဈေးအထိရခဲ့ပြီး ယခင်တစ်ပတ် လုံးဆံဖြူ(၁)ပိဿာလျှင် (၄၃၀၀) ကျပ် ဈေးသာရရှိခဲ့ပေမယ့် ယခုတစ်ပတ်တွင် (၄၄၀၀)ကျပ်ဈေးအထိ အမြင့်ဈေးနဲ့အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## မန္တလေးဈေးကွက်အတွင်း ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ထိ ဈေးကောင်းရရှိ

မန္တလေးဈေးကွက်အတွင်း ကြက်သွန်နီမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မန္တလေး မြို့ရှိ ကြက်သွန်ကုန်သည်များထံမှသိရသည်။

မြင်းခြံ၊ ပခုက္ကူ၊ မုံရွာ၊ မိတ္ထီလာစသည့် နေရာဒေသအသီးသီးမှ နွေကြက်သွန်နီများ မန္တလေးဈေးကွက်အတွင်း လှိုင်လှိုင်ဝင်ရောက်လာကြောင်း၊ ကြက်သွန်နီဈေးမှာ ပြီးခဲ့သည့်နှစ် ကာလတူအချိန်က တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ သာ



Source: ရတနာပုံသတင်းစာ

ရရှိခဲ့သော်လည်း ယခုနှစ် ဇွန်လတွင် ကြက်သွန်နီဈေးမှာ ပွဲရုံအထိုင်ဈေး တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ထိရောက်ရှိကာ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံ ပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြသည်။

"ဒီနှစ် ကြက်သွန်ရာသီမှာ မန္တလေးဈေးကွက်ထဲကို နွေကြက်သွန်တွေ လှိုင်လှိုင် ဝင်ရောက်နေပြီး ဈေးကွက်ကောင်းရရှိနေပါတယ်။ ဒီနှစ်ကြက်သွန်နီ အထွက်နှုန်းကလဲကောင်းပါတယ်။ ကြက်သွန်နီဈေးနှုန်းကောင်းလာတာကတော့ ပြည်ပနိုင်ငံတွေရဲ့ ပုံမှန်ဝယ်ယူမှုတွေရှိတာရယ်၊ ပြည်တွင်းစားသုံးမှုတွေလဲရှိတာရယ်၊ ဝယ်ယူသိုလှောင်တဲ့သူတွေလဲ ရှိတာရယ်ကြောင့်ပါ။ ကြက်သွန်နီဟာ ပြီးခဲ့တဲ့နှစ်က ဝယ်သူမရှိသလောက် ဖြစ်ပြီး မနုတ်ဘဲနဲ့ပစ်ထားရတဲ့ အနေအထားရှိခဲ့တယ်။ ဒီနှစ်မှာ ကြက်သွန်နီဈေးကောင်းတာကြောင့် တောင်သူတွေ တွက်ခြေကိုက်တဲ့ နှစ်တစ်နှစ်ဖြစ်ပါတယ်" ဟု ဦးစိုးဝင်းမြင့်ကပြောပြသည်။

ကြက်သွန်နီကို ပြည်တွင်း၌ စားသုံးမှုဖူလုံရုံသာမကဘဲ ပြည်ပနိုင်ငံများသို့လည်း တင်ပို့နေရကြောင်း၊ ကြက်သွန်နီကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြပြီး အညာဒေသများတွင် သဲချောင်းနေရာများ၌ အဓိကထား စိုက်ပျိုးမှုများရှိသကဲ့သို့ မြစ်ကမ်းနံဘေးများတွင်လည်း ရေသွင်းစိုက်ပျိုးကြကြောင်း ၎င်းကပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ကျပ် ၆ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံမည့် ဖွဲနုဆီစက်ရုံစီမံကိန်းအတွက် တရုတ်နှင့်အိန္ဒိယအခြေစိုက် ကုမ္ပဏီ ၅ ခုထံမှ ဈေးနှုန်းအဆိုပြုလွှာ တောင်းခံရရှိထား

မြောင်းမြမြို့နယ်မှာ ဆောင်ရွက်သွားမယ့် ဖွဲနုမှ ဖွဲနုဆီဆီကြမ်းထုတ်စက်ရုံ တည်ဆောက်လည်ပတ်ဖို့ တရုတ်နဲ့ အိန္ဒိယအခြေစိုက် ကုမ္ပဏီ ၅ ခုထံမှ ဈေးနှုန်းအဆိုပြုလွှာများ တောင်းခံရရှိထားပြီးဖြစ်တယ်လို့ မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင်ကုမ္ပဏီလီမိတက် (MAPCO) ရဲ့ ၂၀၂၁-၂၀၂၂ နှစ်ပတ်လည်အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

(ခန့်မှန်းခြေ) အမေရိကန်ဒေါ်လာ ၃ သန်းပါဝင်တဲ့ ကျပ် ၆.၅ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံမယ့် စက်ရုံစီမံကိန်းအတွက် အိန္ဒိယမှအတွေ့အကြုံရှိတဲ့ ကုမ္ပဏီ ၃ ခုနဲ့ တရုတ်မှ ကုမ္ပဏီ ၂ ခုထံမှ ဈေးနှုန်းအဆိုပြုလွှာရရှိထားခြင်းဖြစ်ပြီး ယခုအခါ စီမံကိန်းမှာ တပ်ဆင်မယ့် စက်ဒီဇိုင်းကို သက်ဆိုင်ရာကုမ္ပဏီတွေနဲ့ ညှိနှိုင်းလျက်ရှိတယ်လို့ ဆိုပါတယ်။

ဖွဲနုဆီစက်ရုံကို စိုက်ပျိုးရေးဦးစီးဌာနထံမှ နှစ်ရှည်ငှားရမ်းထားတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ မြောင်းမြစက်ရုံ (ယခင်ဂုန်နီစက်ရုံ)မှာ တစ်ရက် တန် ၂၀၀ ထွက်ရှိတဲ့ ဖွဲနုမှ ဖွဲနုဆီကြမ်းထုတ်လုပ်တဲ့ စက်ရုံကို တည်ဆောက်ဖို့ ၂၀၁၈ ခုနှစ်ကတည်းက စတင်ပြင်ဆင်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။

စီမံကိန်းအကျယ်အဝန်းက ၁၀ ဧကခန့်ရှိပြီး စက်ရုံဝင်းအတွင်းက သိုလှောင်ရုံ ၆ လုံးကို ပြန်လည်ပြုပြင်အသုံးပြုသွားမှာဖြစ်ကာ ယခင်ကတည်းက MAPCO အနေနဲ့ Join-Venture ကုမ္ပဏီတစ်ခုတည်ထောင်ကာ စီမံကိန်းဖော်ဆောင်ဖို့ ရည်ရွယ်ခဲ့ခြင်းဖြစ်ပါတယ်။

စီမံကိန်းမှထွက်ရှိတဲ့ ဆီကြမ်း (Crude Rice Bran Oil) များကို ဂျပန်၊ အိန္ဒိယ၊ ထိုင်းစတဲ့ ပြည်ပနိုင်ငံများကို တင်ပို့ရောင်းချမှာဖြစ်ပြီး ဆီထုတ်ပြီးဖွဲနုများကိုလည်း ပြည်တွင်းက တိရစ္ဆာန်အစာစပ်လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများကို ရောင်းချဖို့လည်း စီစဉ်ထားပါတယ်။

MAPCO အနေနဲ့ လာမယ့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အမြန်ဆုံးတည်ဆောက်သွားဖို့ ရည်မှန်းထားပြီး လက်ရှိမှာ ဈေးနှုန်းများစိစစ်ခြင်း၊ နည်းပညာဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခြင်းတို့ကို ဖွဲနုဆီလုပ်ငန်းကျွမ်းကျင် ပညာရှင်များနဲ့အတူ ဆောင်ရွက်လျက်ရှိတယ်လို့ သိရှိရပါတယ်။

Source: BETV Business

## ပြည်ပနိုင်ငံရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ မြန်မာပန်းပုလက်ရာ မင်္ဂလာဆင်ရုပ်တုများကို တင်ပို့ပေးနေရ



Source: ရတနာပုံသတင်းစာ

ပြည်ပနိုင်ငံရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ မြန်မာပန်းပုလက်ရာ မင်္ဂလာဆင်ရုပ်တုများ အဓိကတင်ပို့ပေးနေရကြောင်း ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ မြန်မာမဏ္ဍိုင်အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍သိရသည်။

ပြည်ပနိုင်ငံရှိ မြို့များတွင် မြန်မာနိုင်ငံသားများ ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များက ယခုလဆန်းပိုင်းတွင် မင်္ဂလာဆင်ရုပ်တုများကို အဓိကမှာယူလျက်ရှိသည့်အတွက် ရခိုင်ပြည်နယ်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့ပေးလျက်ရှိကြောင်း သိရသည်။

"ကိုဗစ်မတိုင်ခင်ကတည်းက နယ်စပ်ကုန်သွယ်ရေးကနေ ပို့ရတာရှိပါတယ်။ ဒီနှစ် နှစ်ဆန်းပိုင်းကစပြီး တဖြည်းဖြည်းချင်း ပြန်ပို့ပေးနေပါတယ်။ ဒီလထဲမှာတော့ အလျား ၁၂ လက်မ၊ အမြင့် ၁၀ လက်မရှိတဲ့ မင်္ဂလာဆင်ရုပ်တုတွေကို အမှာများပါတယ်။ အသားကတော့ ပိတောက်သား၊ ယမနေသားဖြစ်ပါတယ်။ ဒီလမကုန်ခင်မှာ မင်္ဂလာဆင်ရုပ်တု ၁၅၀ တင်ပို့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကိုယ်ပိုင်အလုပ်ရုံကပဲ ထုလုပ်မှာဖြစ်ပါတယ်။ ပြည်တွင်းရောင်းဈေးကတော့ ရုပ်တုတစ်ရုပ်ကို ငွေကျပ် ၇၅၀၀၀ ကျသင့်မှာဖြစ်ပါတယ်" ဟု ဦးမောင်မောင်အေးက ပြောပြသည်။

မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းများကို ပြည်တွင်းရှိ အမှတ်တရပစ္စည်း အရောင်းဆိုင်များသာမက မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံများရှိ နယ်စပ်မြို့များတွင် ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရပစ္စည်း အရောင်းဆိုင်များသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့မှထွက်ရှိသော ပင်လယ်ငါးခြောက်များ ပြည်တွင်းဈေးကွက် ဝယ်ယူမှုအားကောင်းသောကြောင့် အရောင်းသွက်နေ



Source: ရတနာပုံသတင်းစာ

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့မှထွက်ရှိသော ပင်လယ်ငါးခြောက်များ ပြည်တွင်းဈေးကွက်တွင် ဝယ်ယူမှုအားကောင်းသောကြောင့် အရောင်းသွက်နေကြောင်း ဟိုင်းကြီးကျွန်းမြို့ရှိ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဇာကြည်ဝင်းက ပြောပြ၍သိရသည်။ ဟိုင်းကြီးကျွန်းမြို့မှထွက်ရှိသော ပင်လယ်ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ ရောင်းချနေရကြောင်း၊ ယခင်နှစ်မှ ယခုနှစ်မေလထိ ငါးခြောက်မျိုးစုံ ပိဿာချိန် ရာဂဏန်းထိသာ အရောင်း အဝယ်ဖြစ်ခဲ့ကာ ဇွန်လ ပထမပတ်မှစတင်၍ တစ်ရက်လျှင် ပင်လယ်ငါးခြောက်မျိုးစုံ ပိဿာချိန် ၁၀၀၀ မှ ၂၅၀၀ ထိ အရောင်းသွက်နေကြောင်း၊ အဆိုပါ ပင်လယ်ငါးခြောက်များကို ပြည်တွင်းဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းများပြန်ဖွင့်လာခြင်း၊ ပြည်တွင်း ပင်လယ်ငါးခြောက် စားသုံးမှုများလာခြင်းကြောင့် ပြည်တွင်းဈေးကွက်တွင် အရောင်းသွက်နေကြောင်းသိရသည်။

"ကိုဗစ်ဖြစ်ပွားမှုလျော့ကျလာတာနဲ့ တဖြည်းဖြည်းအရောင်းသွက်လာပြီး ဒီနှစ် ဇွန်လကတော့ အရောင်းအသွက်ဆုံးဖြစ်ပါတယ်။ အရင်တုန်းကလို ပြည်ပတင်ပို့လို့မရတာကလွဲရင် ပုံမှန်အရောင်းအဝယ်ဖြစ်ပြီး ရောင်းအားလဲသွက်နေပါတယ်။ လက်ရှိလဲ အွန်လိုင်းစနစ်ကော၊ ဆိုင်ထိုင်စနစ်ကော ရောင်းအားတက်နေပါတယ်။ ပိဿာချိန် ထောင်ဂဏန်းထိ အရောင်းသွက်နေပါတယ်။ လက်ရှိဟိုင်းကြီးကျွန်းဒေသကထွက်တဲ့ ငါးခြောက်တွေထဲမှာ ငါးကွမ်းရှပ်(ငါးညို)ခြောက်၊ ငါးလိပ်ကျောက်ခြောက်၊ ကျောက်ငါးအမြှောင်းခြောက်၊ ငါးပုတ်သင်ခြောက်၊ ပင်လယ်ငါးပြေမခြောက်၊ ငါးဖောင်ရိုးခြောက်၊ ငါးနီတူခြောက် စတဲ့ပင်လယ်ငါးခြောက်တွေ အများဆုံးအရောင်းသွက်နေတယ်" ဟု ဟိုင်းကြီးကျွန်းမြို့ရှိ ငါးခြောက်

ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဇာကြည်ဝင်းကပြောပြသည်။

အဆိုပါ ပင်လယ်ငါးခြောက်ဈေးနှုန်းများမှာ ငါးကွမ်းရှပ်(ငါးညို) တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀၀ မှ ၃၀၀၀၀၊ ငါးလိပ်ကျောက် တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၊ ကျောက်ငါးအမြွှာင်း တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀၊ ငါးပုတ်သင် တစ်ပိဿာလျှင် ငွေကျပ် ၂၄၅၀၀၀၊ ပင်လယ်ငါးပြေမ တစ်ပိဿာလျှင် ငွေကျပ် ၄၂၀၀၀၊ ငါးဖောင်ရိုး တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀၊ ငါးနီတူ တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀၀ ဈေးရှိကြောင်း ဟိုင်းကြီးကျွန်းမြို့ရှိ ငါးခြောက်ရောင်းဝယ်ရေး လုပ်ငန်းရှင်များထံမှ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## STOCK EXCHANGE (15.6.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 15th Jun. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,500 | -100 | -1.32% | 7,500 | 7,600 | 7,500 | 444 | 3,337,300 | 33,109,694 | 248,323 |
| MTSH | 00002 | 2,700 | +50 | +1.89% | 2,650 | 2,700 | 2,650 | 43 | 115,550 | 38,929,150 | 105,109 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 17,500 | +0 | +0.00% | 17,500 | 17,500 | 17,500 | 25 | 437,500 | 2,472,053 | 43,261 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 1 | 2,600 | 12,823,224 | 33,340 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 111 | 283,050 | 19,977,223 | 50,942 |
| AMATA | 00007 | 5,000 | +100 | +2.04% | 5,000 | 5,000 | 5,000 | 3 | 15,000 | 10,497,598 | 52,488 |


### Market summary

As of 15th Jun. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 353.29 | -0.18 | -0.05% | 351.57 | 354.59 | 351.57 | 627 | 4,191,000 | 7 | 614,591 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 15th Jun. 2022

| MYANPIX | 353.29 ▼ 0.18 |
|---|---|
| Total Volume (shares) | 627 |
| Total Value (MMK) | 4 mil |
| Listed Company | 7 |
| Market Cap. (MMK) | 614,591 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,500 | ▼ 100 |
| MTSH | 00002 | 2,700 | ▲ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 100 |

TIR